# ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) အသုဘ အကူအညီ

ကိုဗစ်-၁၉ ကူးစက်မြန် ကပ်ရောဂါကြောင့် မိသားစု အများအို့မှာ အကြီးအကျယ် ဝမ်းနည်းပူဆွေးကြရပါသည်။ ကျွန်ုပ်တို့ FEMA ၏ တာဝန်မှာ လူများအား ကပ်ဘေးကြီး မတိုင်မီ၊ အတွင်းမှာ နှင့် နောက်ပိုင်းမှာ ကူညီပေးရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာရသည့် စိတ်ဖိစီးမှု နှင့် ဝန်ထုပ်ဝန်ပိုး အချို့ကို သက်သာအောင် ကူညီပေးရန် ရည်ရွယ်ပါသည်။

**FEMA သည် 2020 ဇန်နဝါရီ 20 ရက် နောက်ပိုင်းတွင် ကိုဗစ်-၁၉ နှင့် ဆက်စပ်သည့် အသုဘ စရိတ်များအတွက် ငွေကြေး ထောက်ပံ့မှုကို စီစဉ်ပေးပါမည်။**



## အသုဘ ငွေကြေးအကူအညီကို ခံစားနိုင်ရန် သင်သည် အောက်ပါ သတ်မှတ်ချက်များကို ပြည့်မီရပါမည်

- သေဆုံးမှုမှာ အမေရိကန် ပြည်ထောင်စု အတွင်း ဖြစ်ရမည်။
- လျှောက်သူမှာ 2020 ဇန်နဝါရီ 20 ရက် နောက်ပိုင်းတွင် အသုဘ စရိတ် ပေးချေခဲ့သော ယူအက်စ် နိုင်ငံသား၊ နိုင်ငံသား မဟုတ်သူ သို့မဟုတ် အရည်အချင်း ပြည့်မီသော နိုင်ငံခြားသား ဖြစ်ရမည်။
- သေဆုံးသွားသူမှာ ယူအက်စ် နိုင်ငံသား၊ နိုင်ငံသား မဟုတ်သူ သို့မဟုတ် အရည်အချင်း ပြည့်မီသော နိုင်ငံခြားသား ဖြစ်ရန် မလိုအပ်ပါ။
- သေဆုံးသွားသူ၏ သေစာရင်းထဲတွင် သေဆုံးခဲ့ရမှုတွင် ကိုဗစ်-၁၉ မှာ အကြောင်းရင်း သို့မဟုတ် ဆက်နွယ်ရောဂါ ဖြစ်ခဲ့ကြောင်း ပါရှိရမည်။ 2020 ဇန်နဝါရီ 20 မှ 2020 မေ 16 ရက် အကြားတွင် သေဆုံးခဲ့ပြီး သေစာရင်းထဲတွင် သေဆုံးမှုကို ကိုဗစ်-၁၉ နှင့် ဆက်စပ်ဖော်ပြမထားလျှင်၊ သေစာရင်း ထုတ်ပေးခဲ့သည့် အရာရှိ၊ ဒေသန္တရ သေမှုသေခင်း အရာရှိ သို့မဟုတ် ဆေးဘက် စစ်ဆေးသူထံမှ သေဆုံးမှုမှာ ကိုဗစ်-၁၉ နှင့် ဆက်နွယ်ခဲ့ကြောင်း လက်မှတ်ထိုးထားသည့် ထောက်ခံစာကို ထည့်ပေးပါ။

## ငွေပြန်အမ်းပေးမည့် စရိတ်များက မည်သည်များနည်း။

ခံစားခွင့်ရှိ စရိတ်များထဲ ပါဝင်နိုင်ကြသည်မှာ၊ ၎င်းတို့ဖြင့်သာ ကန့်သတ်မထားပါ-

- သေဆုံးသွားသူ မည်သူမည်ဝါဖြစ်ကြောင်း ဖေါ်ထုတ်ရန် ပို့ဆောင်ခဲ့မှု
- ရုပ်အလောင်းကို လွှဲပြောင်းပေးခဲ့မှု
- သင်္ဂြိုဟ်ရန်မြေကွက် သို့မဟုတ် ပြာကို ထားရှိရန်နေရာ
- အမှတ်သင်္ကေတ သို့မဟုတ် ကျောက်တိုင်
- ဘုန်းတော်ကြီး သို့မဟုတ် တရားဝင် ဝန်ဆောင်မှုများ
- အသုဘ ပစ္စည်းများ သို့မဟုတ် ဝန်ထမ်းကို အသုံးပြုခဲ့မှု
- မီးသင်္ဂြိုဟ်ရန် သို့မဟုတ် မြေမြှုပ်ရန် စရိတ်များ

## ကျွန်ုပ်က FEMA ထံသို့ မည်သည့် အချက်အလက်များကို ပေးရမည်နည်း။

လျှောက်ရန်အတွက် FEMA ထံ မဆက်သွယ်မီ အောက်ပါ အချက်အလက်များကို ပြင်ဆင်ထားပါ-

- အမည်၊ လူမှုလုံခြုံရေး နံပါတ်၊ မွေးရက်၊ နေရပ်လိပ်စာ နှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ။
- သေဆုံးသွားသူတိုင်းအတွက် အမည်၊ လူမှုလုံခြုံရေး နံပါတ် နှင့် မွေးရက်များ။
- သေဆုံးသွားသော ပုဂ္ဂိုလ် သေဆုံးသည့် နေရာနှင့် လိပ်စာ။
- အခြားသော ရင်းမြစ်များထံမှ ရရှိခဲ့ပြီးဖြစ်သည့် ဝန်ဆောင်မှု တစ်ခုခုအတွက် စာတမ်းနှင့် ပြေစာများ၊ သင်္ဂြိုဟ်မှု သို့မဟုတ် အောက်ပါ ထဲက အပါအဝင်-
- အသုဘ အာမခံ၊ အလှူငွေများ၊ စေတနာ့ဝန်ထမ်း အေဂျင်စီများ၊ အခြား အစိုးရ သို့မဟုတ် ပရဟိတ အဖွဲ့အစည်းများ။
- သင့်ကိုယ်တိုင်အပြင် အသုဘစရိတ်များကို ကျခံခဲ့သူရှိလျှင် ပူးတွဲလျှောက်သူ၏ အမည်နှင့် အချက်အလက်များ
- သေဆုံးသွားသည့် ပုဂ္ဂိုလ်(များ)။

## ဤ အကူအညီအတွက် ကျွန်ုပ် မည်သို့ လျှောက်ရမည်နည်း။

**FEMA ၏ ကိုဗစ်-၁၉ ကို ခေါ်ဆိုပါ**

**အသုဘ ကူညီရေး လိုင်းမှာ**

1-844-684-6333

(TTY: 800-462-7585) ET အချိန် နံနက် 9 မှ ညနေ 9 နာရီအထိ၊ တနလင်္ာ – သောကြာတွင် ဆက်သွယ်ပြီး လျှောက်ထားမှုကို စတင်ပါ။

**ဝန်ဆောင်မှုကို အမြန်ဆုံး ရရှိရန် လျှောက်လွှာ တင်ပြီးနောက်မှာ သင်သည် စာရွက်စာတမ်းများကို အွန်လိုင်း** Disasterassistance.gov, **တွင် တင်သွင်းနိုင်ပါသည်။**

**ဖက်စ် ပို့ရန် 855-261-3452။**

စာရွက်စာတမ်းများကို စာတိုက်မှ ပို့၍လည်း ရပါသေးသည်-

COVID-19 Funeral Assistance
P.O. Box 10001
Hyattsville, MD 20782

**ကျွန်ုပ်တို့ကို အွန်လိုင်းမှာ ဝင်ကြည့်ရန် သင့်အတွက် ဆိုက်မှာ**

FEMA.gov/funeral-assistance/faq.

အချက်အလက်များကို တယ်လီဖုန်း နှင့် ဝဘ်ဆိုက်မှ ဘာသာစကား အမျိုးမျိုးဖြင့် စီစဉ်ပေးပါသည်။

U.S. Department of Homeland Security FEMA